# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေပုဒ်မ ၃ တွင်—

(က) ပုဒ်မခွဲ(၁)အစား၊ အောက်ပါကို ပုဒ်မခွဲ(၁)အဖြစ် ထည့်သွင်းရမည်။

"(၁) ဤအက်ဥပဒေပါကိစ္စများကို၊ ဆောင်ရွက်ရန် အလို့ငှါ၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့ဟုခေါ်သည့် အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

အဖွဲ့စည်းခြင်း။

ဥက္ကဋ္ဌ

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်တဦး။

အခြားအဖွဲ့ဝင်များ

(ခ) စက်မှုလက်မှုဌာနမှ ကိုယ်စားလှယ်တဦး။
(ဂ) အမျိုးသားစီမံကိန်းဌာနမှ ကိုယ်စားလှယ်တဦး။
(ဃ) စက်မှုလက်မှုညွှန်ကြားရေးဝန်။
(င) စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။
(စ) စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့မှကိုယ်စားလှယ်တဦး။
(ဆ) ရန်ကုန်စက်မှုလက်မှုအတတ်သင်ကျောင်း၊ ကျောင်းအုပ်ကြီး။
(ဇ) ရန်ကုန်တက္ကသိုလ်သိပ္ပံမဟာဌာနမှ ကိုယ်စားလှယ်တဦး။
(ဈ) ကာကွယ်ရေးဌာနမှ ကိုယ်စားလှယ်တဦး။
(ည) မြန်မာနိုင်ငံ သုတေသနကောင်စီဥက္ကဋ္ဌ။

(ဋ) အမှုဆောင်သုတေသနကော်မီတီဥက္ကဋ္ဌ၊

(ဌ) ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။

(ဍ) မြန်မာနိုင်ငံစီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်းမှကိုယ်စား လှယ်တဦး။

(ဎ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ပြင်ပမှ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ် ၃ ဦး။''

(ခ) ပုဒ်မခွဲ (၃) ကိုပယ်ဖျက်ရမည်။

၃။ အဆိုပါ အက်ဥပဒေပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

''၄။ ရာထူးသက်တမ်း ။(၁) ပုဒ်မ ၃ (၁) (က) အရ ခန့်ထားခြင်းခံရသည့် ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၂) ပုဒ်မ ၃ (၁) (ခ) အရ ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရ သတ်မှတ်သည့် ရာထူးသက်တမ်းမှာ ၅ နှစ်တက်မကျော်လွန်စေရ။

(၄) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများသည်၊ မိမိတို့၏ရာထူးသက်တမ်းကုန်ဆုံးသော်လည်း၊ ဥက္ကဋ္ဌသစ်နှင့် အဖွဲ့ဝင်လူကြီးသစ်များခန့်ထားသည့်တိုင်အောင် မိမိတို့၏အာဏာများနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည့်ပြင်၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ်ပြန်လည်ခန့်ထားခြင်းကိုလည်း ခံနိုင်ရမည်။''

၄။ အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

''၆။ အဖွဲ့ဝင်လူကြီးများ၏ ရာထူးကိုရပ်စဲခြင်း၊ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်အခါမဆို အဖွဲ့ဝင်လူကြီးအားလုံး၏၊သို့တည်းမဟုတ် တဦးဦး၏ရာထူးကိုရပ်စဲနိုင်သည်။''

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ အစား၊ အောက်ပါကို ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

**အစည်းအဝေးသဘာပတိ။**

''၉။ ။ဥက္ကဋ္ဌသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေး တိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်သည့်အခါ၊ အစည်းအဝေး တက်ရောက်သော အဖွဲ့ဝင်လူကြီးများသည်၊ မိမိတို့အထဲမှအဖွဲ့ဝင် လူကြီးတဦးကို၊ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန်တင်မြှောက်ရမည်။''

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ တွင်၊ ''ဖွဲ့စည်းရမည်'' ဆိုသည့်စကားရပ် အစား၊ ''ဖွဲ့စည်းနိုင်သည်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

**အဖွဲ့၏ပစ္စည်းနှင့်ကြွေးမြီ တာဝန် အစိုးရ၌ တည်ရှိခြင်း။**

''၁၆-က။ ။ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာနိုင်ငံ သုတေသန အဖွဲ့ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ဖျက်သိမ်း၍၊ပုဒ်မ ၃ အရမြန်မာနိုင်ငံ သုတေသနအဖွဲ့သစ်တခုကိုမဖွဲ့စည်းခဲ့လျှင်၊မြန်မာနိုင်ငံ သုတေသနအဖွဲ့ပိုင် ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးသည်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၌တည်ရှိရမည့်ပြင်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့သစ်တခုဖွဲ့စည်းသည့်အချိန်တိုင်အောင်၊မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။''

၈။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ်ထည့်သွင်းရမည်။

**မြန်မာနိုင်ငံသုတေသန အဖွဲ့၏ အတွင်းရေးမှူးနှင့် ထက်ထောက် အတွင်းရေးမှူး။**

''၁၈။ ။(၁) သုတေသနလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးသည်၊ ရာထူးအလျောက် မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

(၂) မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ လက်ထောက်အတွင်းရေးမှူးတဦးကိုခန့်ထားရမည်။ လက်ထောက်အတွင်းရေးမှူးသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့က၊မိမိအားလွှဲအပ်သည့်မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများကို၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ သုံးစွဲဆောင်ရွက်ရမည်။ အတွင်းရေးမှူးနှင့် လက်ထောက်အတွင်းရေးမှူးတို့သည် မြန်မာ

နိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေးအားလုံးသို့ တက်ရောက်ရမည်။ သို့ရာတွင်အတွင်းရေးမှူးနှင့်လက်ထောက်အတွင်းရေးမှူးတို့၌ မဲပေးနိုင်ခွင့်မရှိစေရ။''

၉။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၅ အစား၊ အောက်ပါကိုပုဒ်မ ၂၅ အဖြစ်ထည့်သွင်းရမည်။

''၂၅။ **အဖွဲ့၏အာဏာများ။** ။(၁) ပုဒ်မ ၂၄ တွင်ဖော်ပြထားသောတာဝန်ဝတ်တရားများပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍မြန်မာနိုင်ငံ သုတေသနအဖွဲ့၌ လုံးဝအာဏာရှိရမည်။ ထို့ပြင်မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများအတွက်သုံးစွဲရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံမှ ထောက်ပံ့ငွေများရယူနိုင်သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကပေးသောငွေများကိုအခန်း ၆ တွင်သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လုပ်ဆောင်မှုများမှ ဝင်ငွေရရှိရန်သုံးစွဲခြင်းကိစ္စ။

(ခ) ဤအက်ဥပဒေပါ ကိစ္စများအတွက် ရ-သုံးမှန်းခြေ ငွေစာရင်းများပြုလုပ်ရန်၊ အတည်ပြုရန်၊ အသုံးစရိတ်များကိုခွင့်ပြုရန်၊ ပဋိညာဉ်စာချုပ်များချုပ်ဆိုရန်နှင့် အခြားလိုအပ်သောလုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ စည်းကမ်း ဥပဒေများပြုရန်။

(၂) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သင့်တော်သည့်မိမိအာဏာနှင့်တာဝန်ဝတ်တရားများကို ဥက္ကဋ္ဌအားသော်၎င်း၊ အုပ်ချုပ်ရေးမှူးအားသော်၎င်း လွှဲအပ်နိုင်သည်။ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးသည်၊ ယင်းသို့လွှဲအပ်သည့်အလျောက်၊ ၎င်းကဆောင်ရွက်သည့်ကိစ္စများကို၊နောက်တကြိမ်ကျင်းပမည့် မြန်မာနိုင်ငံ သုတေသနအဖွဲ့အစည်းအဝေးသို့ အတည်ပြုရန်တင်ပြရမည်။''

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၈ အစား၊ အောက်ပါကို ပုဒ်မ ၂၈ အဖြစ်ထည့်သွင်းရမည်။

''၂၈။ **အစိုးရ၏ထောက်ပံ့ငွေ။** ။မြန်မာနိုင်ငံသုတေသနအဖွဲ့က၊ ၎င်း၏အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည့် ထင်မြင်သည့် ထောက်ပံ့ငွေများကို၊ မိမိသင့်သည့်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ အခွန်တော်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ မြန်မာနိုင်ငံ သုတေသနအဖွဲ့သို့ အခါအားလျော်စွာ ထုတ်ပေးနိုင်သည်။''

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၁ တွင်၊ အပိုဒ် (က) ကိုပယ်ဖျက်ရမည်။

၁၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၀ အစား၊ အောက်ပါကို ပုဒ်မ ၄၀ အဖြစ်ထည့်သွင်းရမည်။

**ကော်မီတီအတွင်းရေးမှူး။**

''၄၀။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လက်ထောက်အတွင်းရေးမှူးသည်၊ ကော်မီတီ၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်၍ ကော်မီတီ အစည်းအဝေးများသို့တက်ရောက်ရမည်၊ သို့ရာတွင်ငြင်းခုံမဲပေးနိုင်ခွင့်မရှိစေရ။''